## သိပါ။

လုပ်ကိုင်ခွင့်မရှိသည့်
အချိန်ပိုင်းအလုပ်အမျိုးအစားများရှိပါသည်။
လွယ်ကူ၍ လုပ်ခမြင့်မားသောအချိန်ပိုင်းအလုပ်မျိုးသည်
မိမိသတိမပြုမိစဉ်အချိန်အတွင်း ရာဇဝတ်မှုကျူးလွန်သည့်
အဖွဲ့အစည်းများနှင့်
ပါဝင်ပတ်သက်မိနေနိုင်သည့်အခြေအနေများလည်း
ရှိနိုင်ပါသည်။




## လိုက်နာပါ။

ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့အစည်းများသည်
လွယ်ကူသောအလုပ်များအား မြင့်မားသည့်လုပ်အားခဖြင့်
ခေါ်ယူစေခိုင်းလျှက်ရှိပါသည်။
လုပ်ကိုင်ခွင့်မရှိသည့် အလုပ်အမျိုးအစားများ
သက်ကြီးရွယ်ကြီး အဖိုးအဖွားများထံမှ
ပစ္စည်းများလက်ခံယူပေးခြင်း။
ငွေအကြွေစေ့သုံးလော့ခ်ကာများထဲမှ
ပစ္စည်းများသွားရောက်ယူပေးခြင်း။
သူတစ်ပါး၏ ငွေထုတ်ကဒ်ဖြင့်
ငွေသွားရောက်ထုတ်ပေးခြင်း။
သူတစ်ပါး၏နေအိမ်တွင် အခြားသောသူတစ်ဦး၏ပစ္စည်းအား
ကိုယ်စားလက်ခံယူပေးခြင်းသည်လည်း ပြစ်မှုမြောက်ပါသည်။
မည်သည့်အကြောင်းဖြင့်မျှ လုပ်ခွင့်မရှိပါ။ တစ်စုံတစ်ဦးမှ
သွေးဆောင်ပြောဆိုလာပါကလည်း မလုပ်ပါနှင့်။

## သိပါ။

ဘဏ်ငွေထုတ်ကဒ်၊ မိုလ်ဘိုင်းဖုန်း၊ ကျန်းမာရေးအာမခံကဒ်၊
ကျောင်းသားကဒ် အစရှိသည်တို့သည် မိမိကိုယ်ပိုင်ဖြစ်စေကာမူ
ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ငှားပေးခြင်း မပြုရ။
သူတစ်ပါးပိုင်ဖြစ်ပါကလည်း ဝယ်ယူခြင်း၊ လက်ခံရယူခြင်း၊
ငှားယူခြင်း မပြုရသည့်အရာများဖြစ်ပါသည်။




## လိုက်နာပါ။

ဘဏ်ငွေထုတ်ကဒ်၊ ဘဏ်စာအုပ်၊
(ဆင်းမ်ကဒ်တပ်ဆင်ထားသော) မိုလ်ဘိုင်းဖုန်းများကို
အခြားသူထံသို့ ရောင်းချခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရပါ။
ရောင်းချသူ၊ ဝယ်ယူသူ ၂ဦးစလုံး ရဲတပ်ဖွဲ့၏
ဖမ်းဆီးအရေးယူခြင်းခံရပါမည်။
မိမိနိုင်ငံသို့ပြန်ချိန်၊ ဆက်လက်မသုံးစွဲတော့ပါက ဘဏ်
သို့မဟုတ် ဖုန်းဆိုင်များသို့သွားရောက်ကာ (ခိုင်းယခုရှိတိုင်း) ဟု
ပြောပါ။
ကျန်းမာရေးအာမခံကဒ်၊ ကျောင်းသားကဒ်များကိုလည်း
ငှားပေးခြင်း၊ ငှားယူခြင်းပြုလုပ်ခွင့်မရှိပါ။
သူတစ်ပါးပိုင်ကဒ်များကိုလည်း အသုံးမပြုရပါ။
မိတ်ဆွေသူငယ်ချင်းမှ အကူအညီတောင်းလာပါကလည်း
မပြုလုပ်ပါနှင့်။

# သိပါ၊ လိုက်နာပါ၊

## ဂျပန်နိုင်ငံ၏ဥပဒေများ



တိုကျိုမြို့တော်
ရဲဌာန

ဟုမ်းပေ့ချ်

မြန်မာဘာသာ
ミャンマー語

街とともに。人とともに。
FOR MORE COMMUNICATION
けいしちょう

リサイクル適性Ⓐ この印刷物は、印刷用の紙へリサイクルできます。

## သိပါ။

တခြားသူတစ်ဦး၏ တောင်းဆိုချက်ဖြင့်
သူတစ်ပါး၏အကြွေးဝယ်ကဒ်နံပါတ်၊ အမည်များသုံးကာ
မိုလ်ဘိုင်းငွေပေးချေမှုများ၊ အွန်လိုင်းစျေးဆိုင်များမှ
ပစ္စည်းဝယ်ယူပေးခြင်းများလည်း မပြုလုပ်ပါနှင့်။





## လိုက်နာပါ။

SNSစာမျက်နှာများပေါ်၌ ရာဇဝတ်မှုမြောက်သည့်
အချိန်ပိုင်းအလုပ်များစွာအား မိတ်ဆက်ပေးလျက်ရှိပါသည်။
စျေးဝယ်ပေးရုံဖြင့် ပိုက်ဆံရနိုင်သည့်
အချိန်ပိုင်းအလုပ်များထဲ၌
ရာဇဝတ်မှုမြောက်သည့်အလုပ်အမျိုးအစားများ
ရှိနေနိုင်ပါသည်။
ပြစ်မှုမြောက်သည့် အချိန်ပိုင်းအလုပ်များတွင်
လက်တွေ့စျေးဝယ်ပေးသူက ဖမ်းဆီးခြင်းခံရမည်ဖြစ်ပါသည်။
သူတစ်ပါး၏အကြွေးဝယ်ကဒ်နံပါတ်၊ အမည်များသုံး၍
ပစ္စည်းဝယ်ယူခြင်းများလည်း မပြုလုပ်ပါနှင့်။
အသိမိတ်ဆွေမှ အကူအညီတောင်းသည်ဖြစ်စေကာမူ
သူတစ်ပါး၏အကြွေးဝယ်ကဒ်နံပါတ်၊ အမည်များအသုံးပြုပြီး
ပစ္စည်းဝယ်ယူခြင်းအား လုံးဝမပြုလုပ်ပါနှင့်။

## သိပါ။

နေထိုင်ခွင့်ကဒ်ပြားအတုအား
ကိုင်ဆောင်ခြင်း မပြုရ။
ဝယ်ယူခြင်း မပြုရ။
အတုပြုလုပ်ခြင်း မပြုရ။
သုံးစွဲခြင်း မပြုရ။





## လိုက်နာပါ။

နေထိုင်ခွင့်ကဒ်ပြားသည် အရေးကြီးသည့်အရာဖြစ်ပါသည်။
ကဒ်အတုအား ကိုင်ဆောင်ခြင်း၊ ဝယ်ယူခြင်း၊ ပြုလုပ်ခြင်း၊
သုံးစွဲခြင်းများ လုံးဝပြုလုပ်ခွင့်မရှိပါ။ ရဲ၏
ဖမ်းဆီးခြင်းခံရပါမည်။
SNSစာမျက်နှာများပေါ်တွင် နေထိုင်ခွင့်ကဒ်အတု ရောင်းသည်၊
ပြုလုပ်ပေးသည် အစရှိသည့်ကြော်ငြာများတွေ့ပါကလည်း
ဝယ်ယူသုံးစွဲခြင်းမပြုပါနှင့်။။ မိမိကဒ်ပြား၌ရေးသွင်းထားသည့်
အချက်အလက်များကိုလည်း မိမိသဘောဖြင့် ပြင်ဆင်ခြင်း
မပြုပါနှင့်။

## သိပါ။

ဆိုင်မှ ကုန်ပစ္စည်းများအား ငွေပေးချေခြင်းမရှိပဲ
ဆိုင်ပြင်ပသို့ယူသွား၍မရပါ။
ထားထားသည့်ပစ္စည်း၊ ပြုတ်ကျကျန်ခဲ့သည့်ပစ္စည်း၊
သူတစ်ပါးပိုင်ပစ္စည်းများအား မိမိအပိုင်ဟုမမှတ်ယူရပါ။



## လိုက်နာပါ။

ကုန်ပစ္စည်းများအား မခိုးယူပါနှင့်။
သူတစ်ပါးပစ္စည်းအား မခိုးယူပါနှင့်။
မိမိကိုယ်တိုင် ခိုးယူခြင်းမဟုတ်သော်လည်း
အခြားသူခိုးယူနေသည့်အခိုက် ဆိုင်ဝန်ထမ်းများမမြင်အောင်
ကာပေးခြင်း၊ ခိုးရာပါပစ္စည်းအား သယ်ဆောင်ပေးခြင်း၊
ခိုးယူထွက်ပြေးခြင်းအား ကူညီပေးခြင်း စသည်ဖြင့်
ခိုးမှုကျူးလွန်သူအား ကူညီပေးခြင်းသည်လည်း
ပြစ်မှုကျူးလွန်ရာမြောက်ပါသည်။
ပိုင်ရှင်မရှိပဲရပ်ထားသည့် အခြားသူပိုင်စက်ဘီးကို
သုံးစွဲခြင်းမပြုပါနှင့်။
လမ်းပေါ်တွင်ကျနေသည့် ပစ္စည်းများအား
ကောက်ယူတွေ့ရှိပါက　မိမိပိုင်ပစ္စည်းဟုမမှတ်ယူပါနှင့်။
ရဲစခန်းသို့ သွားရောက်အပ်နှံပါ။